Chin National Front
General Headquarters
CHINLAND

# (၅၂) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

ခရစ်သက္ကရာဇ် အနှစ်(၂၀၀၀) ဖေဖော်ဝါရီ(၂၀)ရက်နေ့သည် ချင်းအမျိုးသားများနှင့် ချင်းပြည်သူတို့အတွက် အနယ်နယ်အရပ်ရပ်ရှိ အမျိုးသားသွေးစည်းညီညွတ်ရေးနှင့်တရားမျှတသော ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းသစ်တည်ဆောက်ရန် အခြေခံအုတ်မြစ်ချမှတ်ခဲ့သော (၅၂)နှစ်မြောက်ချင်းအမျိုးသားနေ့ နှစ်ပါတ်လည် အခါသမယ၏ နေ့ထူးနေ့မြတ်ပင်ဖြစ်ပါသည်။

ဤအခါသမယသည် နယ်ချဲ့ကျူးကျော်စစ်ကို ရဲစွမ်းသတ္တိပြောင်မြောက်စွာ ခုခံတိုက်ခိုက်ခဲ့ပြီး ခေတ်အဆက်ဆက်တွင် ချင်းအမျိုးသားရေးကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၏ မျိုးချစ်စိတ်ဓါတ်၊ ဖွဲ့လုံ့လနှင့် အောင်မြင်မှုများကို ပြန်လည်အမှတ်ရအောက်မေ့စေသည့်အပြင် သားစဉ်မြေးဆက်တို့၏ သွေးစည်းညီညွတ်ရေးကို အားသစ်လောင်းပေးနေသည့် အမျိုးသားပွဲတော်ဖြစ်ပါသည်။

ကမ္ဘာအနှံ့ရှိ လူမျိုးများနှင့်နိုင်ငံများသည် ခရစ်သက္ကရာဇ်အနှစ် ၂၀၀၀ပြည့်နှစ်၊ ရာစုသစ်ကိုလှိုက်လှဲစွာကြိုဆိုလျှက်ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို မျက်မှောက်ခေတ်ရေစီးကြောင်းနှင့်အညီ အားသစ်အင်သစ်ဖြင့် တည်ဆောက်ရန် စိုင်းပြင်းနေကြချိန်တွင် မိမိတို့ ချင်းအမျိုးသားထုကမူ အမျိုးသားအခွင့်အရေးနှင့်လွတ်လပ်မှုတို့ကို ယနေ့အထိ ဆုံးရှုံးလျှက်ရှိပြီး အလွန်ရက်စက်ကြမ်းကြုတ်သော ဗမာစစ်အာဏာရှင်တို့၏ သွေးစုတ်ချယ်လှယ်မှု၊ ဖိနှိပ်ချုပ်ချယ်မှုနှင့် ညှင်းပန်းနှိပ်စက်သတ်ဖြတ်မှုစသည့် ဆင်းရဲဒုက္ခပေါင်းစုံကို အလူးအလဲခံနေရပါသည်။

ဗမာစစ်အုပ်စုသည် ချင်းအမျိုးသားတပ်ဦး၏ အမျိုးသားရေးလှုပ်ရှားမှုကို ဖျက်ဆီးတိုက်ခိုက်နိုင်ရန် နည်းမျိုး စုံဖြင့်ကြိုးစားအားထုတ်နေပါသည်။ ထိုသို့ အားထုတ်ရာတွင် အပြစ်မဲ့ပြည်သူလူထုကို ရက်စက်စွာ ညှင်းပန်းနှိပ်စက် ခြင်း၊ အိမ်နီးနားချင်းနိုင်ငံအစိုးရများ၊ ပြည်သူများက နားလည်မှုလွဲမှားစေရန် လုပ်ကြံသတင်းများ အကွက်ဆင်ဖန်တီး ခြင်း၊ နယ်စပ်ကုန်သွယ်ရေးကိုအကြောင်းပြု၍ အိမ်နီးချင်းနိုင်ငံများထံမှ စစ်ရေးပူးပေါင်းဆောင်ရွက်မှုရှိရန် အားထုတ်ခြင်းများ ပြုလုပ်နေပါသည်။

ဗမာစစ်အုပ်စု၏ ဤလုပ်ရပ်များသည် မိမိတို့၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးတောင်းဆိုမှုများကို မည်သို့မျှဟန့်တားဖျက်ဆီးနိုင်မည် မဟုတ်ပေ။ ထို့အပြင် အမျိုးသားရေးလှုပ်ရှားမှုတွင် အကဲစမ်းမှုတရပ်အဖြစ်သာ ရှုမြင်ပြီး ပိုမိုကျစ်လစ်အားကောင်းသော လှုပ်ရှားမှုဖြင့် ဆက်လက်ချီတက်နေမည်သာ ဖြစ်သည်။

စစ်အုပ်စုအနေဖြင့် ထိုသို့ပြုလုပ်ရမည့်အစား လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ အမျိုးသားအချင်းချင်းအကြားတန်းတူရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးတည်လျှက် ပြည်တွင်းပြည်ပရှိ အတိုက်အခံအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ပြုလုပ်သင့်ပေသည်။

သို့ဖြစ်ပါ၍ မိမိတို့ ချင်းအမျိုးသားထုတရပ်လုံးအနေဖြင့် ဤရာစုသစ်ခေတ်ရေစီးကြောင်း၏ နိုင်ငံတကာပြောင်းလဲတိုးတက်မှုကို ကြည်လင်ပြတ်သားစွာ ရှုမြင်လျှက်အလွှာပေါင်းစုံမှ ပြည်သူတရပ်လုံး ညီညွတ်မှုတည်ဆောက်ကြရန် လိုအပ်လှပါသည်။ ထိုစည်းလုံးမှုကို အခြေခံပြီး မိမိတို့အမျိုးသား၏ ပြောင်မြောက်သော စွမ်းရည်နှင့်

ရဲစွမ်းသတ္တိများကို အစဉ်နိုးကြားလျှက် သမိုင်းပေးတာဝန်ကို စွမ်စွမ်းတမံ ထမ်းဆောင်ရင်း ချီတက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**ဗဟိုကော်မီတီ**
**ချင်းအမျိုးသားတပ်ဦး**
ဖေဖော်ဝါရီ ၂၀၊ ၂၀၀၀ ခုနှစ်။